1)


သခင့်စကား ၁-၂၃

# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်

ငါ၏ ဒေသနာကို နားမခံ မယူနိုင်သောကြောင့်သာ သင်တို့သည် ငါ့စကားကို နားမလည်ကြ။ ယော ၈း၄၃

အမှတ်စဉ် ( ၂၃ )   ဇူလိုင်လ   ၂၀၀၃ ခုနှစ်   ဓမ္မဒါန ( သခင့် ဝထေ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်)



# 'ဆား' နှင့် 'ဝါး' ပြဿနာ

ဟူး... ဧပြီလ ထဲမှာ စာရေးသူ တော်တော်စိတ်ညစ်ရသည်။ ဧပရယ်ဖူး ( April fool) ကြောင့် မဟုတ်ပါ၊ ဆား နှင့် ဝါး (SARS ,War) ရှုး ရှူးနေရသည်။ မိခင်ကြီး ဆုံးသည်မှာ တစ်နှစ် ပြည့်သည့် လ၊ အရင်းနှီးဆုံး မိတ်ဆွေများနှင့် ခွဲခွာရသည့် လ၊ စင်ကာပူ တစ်နိုင်ငံလုံးက ရောဂါဆန်းကြောင့် တထိတ်ထိတ်ဖြစ်နေသည့် လ၊ အမေရိကန်နှင့် အီရတ် စစ်ပွဲဖြစ်နေစဉ် SARS ရောဂါပေါ်လာသည့် လ၊ ထိုအခြေအနေများကြား၌ပင် စာရေးသူမှာ အဖျား မကျဘဲ၊ ချောင်း တဟွတ်ဟွတ် ဆိုးနေလိုက် သေးသည်။

တစ်ခါတစ်ရံ အမောဖောက်လာ၍ အသက်ကောင်းစွာ ရှုမရပေ။ သေချာပြီ၊ အားလုံးက စာရေးသူကို ကြောက်ကုန်ကြပြီ။ ချောင်းတစ်ချက် ဆိုးလိုက်တိုင်း သံသယ မျက်လုံးများက စာရေးသူကို ခြောက်လှန့်နေကြသည်။ ဘတ်(စ)ကားပေါ်တွင် စာရေးသူ ချောင်းဆိုးချင်၍ မနည်းမြိုသိပ်ခဲ့ရသည်။ မနေနိုင်လွန်း၍ ချောင်း တစ်ချက် ဆိုးလိုက်တိုင်း မျက်လုံးများက အထူးအဆန်းသဖွယ် လိုက်ကြည့်နေကြပြန်သည်။ ပြဿနာနှင့် ကြုံတွေ့ရလေပြီ။ ယော အနုလည်း ကြည့်၊ အလုပ်က ပြန်လာသည် နှင့် အိမ်ရှင်မ က လိုက်နာရမည့် အချက်များကို ဥပဒေ အရ လုပ်နိုင်းပြန်ပြီ။

အပြင်ထွက်တိုင်း မည်သူနှင့် စကားပြော သနည်း၊ မည်သူနှင့် တို့ထိမိသနည်း။ ဘယ်နေရာ သွားသည်၊ ဘာလုပ်သည်။ ဆိုသည့် အစီရင်ခံစာကို ဥပဒေအရ တိကျစွာရေးသားတင်ပြရမည်ဟု ဆို၍ စာရေးသူ တော်တော်အသက်ရှုကြပ် သွားပါသည်။ ဘတ်(စ)ကားနှင့် ရထားပေါ်တွင် လူများ၏ မည်သူနှင့် မတော်တဆ တို့ထိမိခဲ့သည် ဆိုသော အစီရင်ခံ စာကို မည်သို့ ရေးနိုင်မည်နည်း။ ကားနှင့် ရထားပေါ် မှ ခရီးသွားချင်း အတူတူ မည်သူများနာ သည်ကို မည်သို့ သိနိုင်မည်နည်း။

ဘာသာရေးဘက်တွင် စိတ်အားကြီးသော စာရေးသူ၏ အိမ်ရှင် သူဌေး လင်မယား နှစ်ယောက် မှာတော့ ဆားရောဂါ (SARS )ကြောင့် ကြောက်ရွံ့တုန် နေကြလေပြီ။ အိမ်ရှင်၏ ကလေးများ လည်း စာရေးသူနှင့် အတူမအိပ်တော့ပေ။ ရောဂါရှိ မရှိ စာရေးသူအား ပုလိပ်စစ်သလို စစ်နေကြသည် " ငါသေရင် ရဲမသွားဘူး ဆိုတာသိလို့ ငါသေရမှာ မကြောက်ဘူး၊ ဘုရားသခင် ငါနဲ့အတူရှိတယ်။" ဟု စာရေးသူ မာန်ပါပါနှင့် ပြန်ဖြေလိုက်သည်။ သို့သော်လည်း စင်ကာပူ နိုင်ငံသားများသည် တီကောင်ကို မြွေပွေး လုပ်တတ်ကြ သည့်အတိုင်း "သေရမှာ မကြောက်တာ မှန်တယ်၊ ဒါပေမဲ့ ကားဆီးရမယ်။ ကူးစက်သွားရင် လူတွေ အများကြီး ဆုံးရှုံးကုန်မယ်၊ လူတွေအတွက် ကြည့်ရမယ်။ နည်းနည်းလေးဖြစ်တာကို အများကြီး ဖြစ်မသွားအောင် ထိန်းသိမ်းရမယ် သိလား" ဟုဆိုသော အိမ်ရှင်မ ပြောသော စကားများက ဟုတ်တော့လည်း အဟုတ်သား။ သို့သော်လည်း လူ့လောကကြီးထဲတွင် နေရသောကြောင့် လူများနှင့် မတို့ထိအောင် နေ၍မရနိုင်ပေ။ ထို ရောဂါမှာလည်း အဖျားမရှိ ချောင်းမဆိုးဘဲနှင့် ဖြစ်နိုင်သည်ဟုဆိုပြန်သည်။ မည်သို့ကာကွယ်ထိန်းသိမ်း ကြမည်နည်း။ အချို့သောလူများက ပွက်လောရိုက်၍ ထိုရောဂါအကြောင်း အရသာ ခံ၍ ပြောကြသည်။ ဘာကြောင့် ကမ္ဘာကြီးဟာ ဒီလိုဖြစ်ရတာလဲလို့ ညည်းတွား သူများလည်း ရှိနေပြန်သည်။

ကဲ ... ဒီလောက်တောင် ဖြစ်နေမှဖြင့် စာရေးသူ အဖြေရှာမည်။ ထိုအဖြေသည် သမ္မာကျမ်းစာထဲ၌ ရှိရမည်ဟု ယုံကြည်မိ၍ ကျမ်းစာကို ဖွင့်ဖတ်လိုက်သည်။ ထိုအရာများနှင့်ပါတ်သက်၍ ကျမ်းစာထဲတွင် များစွာရှိသော်လည်း၊ သခင်ယေရှုခရစ်တော် ကိုယ်တော်တိုင် မိန့်ကြားခဲ့သော ကျမ်းပိုဒ်လေးအား စာရေးသူ တွေ့ရှိခဲ့လေသည်။ ရှင်မဿဲ အခန်းကြီး ၂၄ တခန်းလုံးတွင် "ဆား နှင့် ဝါး" ( ရောဂါနှင့် စစ်ပွဲများ) အကြောင်း ရေးသားဖော်ပြ ထားလေသည်။ ရောဂါနှင့် စစ်မက် မဖြစ်ပွားရန် လူသားများ မည်သို့ပင် ကာကွယ်စေကာမူ ကျမ်းစာက ထိုသို့ဖြစ်ရလိမ့်မည်ဆိုသော ဗျာဒိတ်တော်ကို မည်သို့လွန်ဆန်နိုင်မည်နည်း။ ကမ္ဘာပေါ်တွင် ထိတ်လန့်စရာ များများ တွေ့ရလေလေ။ ကျွန်တော်၊ ကျွန်မတို့သည် ခရစ်တော်နှင့် နီးလာလေလေ ဖြစ်သည်။ အခက်အခဲပြဿနာများ ကျပ်တည်းလာလေလေ ယေရှုခရစ်တော်အား မျှော်လင့်ရမည်ဖြစ်သည်။

"ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း ငါ့စကား တည်လိမ့်မည်" မဟုတ်ပါလား။ စင်ကာပူတွင် SARS 'ဆား ' ရောဂါကြောင့် ယုံကြည်သူ ဆရာဝန်နှင့် သင်းအုပ်ဆရာ သေဆုံးသွားသည်ကိုကြည့်၍ ကျန်ရစ်သည့် ယုံကြည်သူများ ကြောက်လန့်နေကြပြီလား။ ယုံကြည်သူများအား စစ်ကြောမည့် အချိန်သည်လည်း ရောက်လာသည်ကို သတိရကြပါ။ အားလုံးကြောက်၍ အပြင်မထွက်တော့ပါက ဝိဇ္ဇာန်တော်လေး အထီးကျန်ကာ လွမ်းနေအုံးတော့မည်။ တစ်ယောက်နှင့် တစ်ယောက် မထိကြစတမ်း နေကြမည်ဆိုပါက အချင်းချင်း တရင်းတနှီး နှုတ်ဆက်ရမည့်လက်များ ရပ်တန့်သွားပေတော့မည်။

ဟူး ... အခုမှဘဲ အဖြေရှင်းသွားတော့တယ်။ မိမိလုပ်ခဲ့သော ဒုစရိုက်များကို ပြန်စဉ်းစားလိုက်သည်၊ မျက်ရည်ကျ၍ ဝန်ချတောင်းပန်လိုက်သည်။ ပစ်ထားတာကြာပြီဖြစ်သော ကျမ်းစာအုပ်လေးအား ဖွင့်ဖတ်၍ ရင်ခွင်ထဲပိုက်ကာ မှေးစက်လိုက်သည်။ ငြိမ်းချမ်း ဆုတောင်းတတ်သော အဖြစ်မှ ဒူးထောက်၍ ဆုတောင်းလိုက်သည်။ သခင်ဘုရားနှင့် နီးကပ်ဖို့ စာရေးသူ ကြိုးစားရအုံးမည်။ လောလောဆယ် အဖျားမကျ၍ အဖဆရာတော် ပေးထားသော တိုင်းရင်းဆေးအား ရေရော၍ သောက်လိုက်သည်။

**သခင်ဘုရား အလိုရှိပါက သခင့်ထံသို့ ပြန်ရမည်ကို မကြောက်သော်လည်း သခင့်အတွက် ဘာမှပါအောင် မလုပ်ဆောင်နိုင်သည့် အဖြစ်ကိုတော့ နှလုံးတုန် ရင်တုန်အောင် ကြောက်မိပါသည်။**

MIN AUNG THET LWIN [illegible] SINGAPORE [illegible]

" ငါ ဘုရားရှင်အတွက် ဘာများ လုပ်ဆောင်ခဲ့ပြီးပြီလဲ" ဆိုသော မေးခွန်းကို ရင်ဆိုင်ရန် အားအင် လုံးဝမရှိခဲ့ပါ။ ထို့ကြောင့် ရှိုးရှိုးလေးပင် စာရေးသူ ဆုတောင်းလိုက်သည်။ " ဒီ့ အဖ အပြစ်များလှသော သမီးရဲ့ အပြစ်ကို စစ်မှန်သော နောင်တရစေပါ။ ကိုယ်တော်ရှင်ထံမှ ခွင့်လွှတ်ခြင်းကို အလိုရှိပါ၏။ ကိုယ်တော်၏ ရှေ့တော်မှောက်တွင် ကိုယ်တော်အတွက် သဲမှုန်တစ်မှုန်စာမျှ ပေးဆပ်ခဲ့မှု မရှိသေးသော ကျွန်ုပ်အား ဆက်လက်အသက်ရှင်ခွင့် ပေးသနားတော်မူပါ။ အသုံးတော်ခံပါမည်။ နာမတော်၌ဆုတောင်းပါ၏ အာမင် " ဟူသည်မှာ စာရေးသူ၏ ဆုတောင်းချက်ပင်၊ စာဖတ်သူအား သတိပေး

# ပြန်စာ

သို့ - အစ်မကြီး

ဘုရားသခင်ရဲ့ လမ်းပြမှု့ဆောင်မှုကြောင့် ခုထိအားလုံး အဆင်ပြေပါတယ်။ ဘာလိုလို့နဲ့ ညီမလေးလဲ ဒီလထဲမှာ စင်ကာပူရောက်တာ ၂နှစ်ပြည့်ပါပြီ။ ရှေ့ဆက်ရမဲ့ အသက်တာခရီးကိုလည်း ဘုရားရှင်ရဲ့ လက်တော်ထဲ ဆက်ကပ်အပ်နှံထားလျက်ပါ။

မကြီးရဲ့ စာထဲမှာလဲ စင်ကာပူမှာ နာစေး၊ ချောင်းဆိုးပြီး အသက်ရှူလမ်းကြောင်းပိတ် ရောဂါတွေ (SARS) ဖြစ်နေတယ်ဆိုတာ တီဗွီထဲမှာ ကြည့်ရတယ်။ အရမ်းစိုးရိမ်မိပေမဲ့ ညီမလေးရဲ့ အိမ်ရှင်က အထူးကု ဆရာဝန်ကြီးဖြစ်နေလို့တော်သေးတာပေါ့တဲ့။ တိုက်ဆိုင်လိုက်တာ မကြီးရေ၊ ဒီနေ့ ဧပြီ ၂၉ **HOME** သတင်းစာထဲမှာ သတင်းထူး တွေ့လိုက်ရတာကြောင့် စိတ်ထဲ တုန်လှုပ်သွားမိတယ်။ စင်ကာပူ အထွေထွေ ရောဂါကု ဆေးရုံက ဆရာ့ရဲ့ လုပ်ဖော် ဆောင်ဖက်တစ်ယောက် ( ၃၇ နှစ် ) SARS ကြောင့် ဘုရားသခင်ရဲ့ ခေါ်တော်မူခြင်း ခံရတဲ့ သတင်းပါဘဲ။ ဩော် ... ဒါကြောင့် ညီမလေးရဲ့ ဆရာလဲ ခွင့် ၁၀ရက်နဲ့ အိမ်မှာ အနားယူမှန်း သဘောပေါက် ရပါတော့တယ်။ (ခပ်လန့်လန့်ဘဲ) "အကယ်စင်စစ် သေမင်း၏ အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ လျှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ" ဆိုတဲ့ ကျမ်းချက်ကို ချက်ခြင်း ရွတ်ဆိုမိပါတယ်။

အခုလောလောဆယ် ဒီ SARS ကြောင့် အချိန်မရွေး၊ လူမျိုးမရွေး ဒုက္ခဖြစ်နိုင်တယ်။ ညီမလေးလဲ တစ်ချိန်က သေရမှာစိုးရိမ်ခဲ့မိလို့ " ဘုရားသခင်ရယ် သမီးကို မခေါ်ပါနဲ့အုံး။ မိသားစုကို ပြုစုရင်း ကျေးဇူးဆပ်ပါရစေ " လို့ အကြိမ်ကြိမ် ဆုတောင်းခဲ့ဖူးပါတယ်။

အခု အဲဒီလို မဟုတ်တော့ဘူး။ မကြီးရေ၊ အရာရာ ဘုရားသခင်ရဲ့ အလိုတော်ကို ဝန်ခံနိုင်နေပြီ၊ အချိန်မရွေး သိမ်းယိုက်ပါစေ။ ဘာဖြစ်လို့လဲဆိုတော့၊ ကယ်တင်ခြင်း စိတ်ချရမှုကို ညီမလေးကိုယ်တိုင် ရာနှုန်းပြည့် ယုံကြည်ခံစားမိနေလို့ပါဘဲ။ ပြီးတော့ မကြီးရေးတဲ့ စာထဲမှာလည်း ကုန်ဈေးနှုန်းတွေ မြင့်နေတော့၊ ညီမလေး ငွေမပို့တဲ့အခါ ဆန်ကြမ်းနဲ့ စား၊ ငွေပို့တဲ့အခါ ဆန်ကောင်းနဲ့ စားရတာပေါ့တဲ့။ ညီမလေး စင်ကာပူ ရောက်နေလို့သာပေါ့၊ မဟုတ်ရင် မတွေးဝံ့စရာဘဲ ဆိုတာလည်း ပါသေးတယ်နော်။

သေချာစဉ်းစားပါအုံး မကြီးရဲ့၊ ဘုရားသခင်က စာငှက်လေး တစ်ကောင်ကိုတောင်မှ အငတ်မထားဘူး ဆိုတာကိုလေ။ ဒါ့ကြောင့် ဆုတောင်းတဲ့အခါ ညီမလေး အတွက်သာမက အငယ်ဆုံးသော သူတွေအတွက်ပါ ထဲ့တောင်းဖို့ မမေ့နဲ့နော်။ စစ်ဒဏ်၊ ဥတုဒဏ်၊ ခေါင်းပါးမှုဒဏ်၊ SARS ဒဏ်တွေကြောင့် ခဲယဉ်းဆိုးယုတ်တဲ့ အချိန်အခါမှာ မွေသီချင်းလေး တစ်ပုဒ်လို "ကိုယ်တော် ပြန်လာရင် အားလုံး အဆင်သင့်ဖြစ်ရအောင်" မကြီးနဲ့ ညီမလေး အပါအဝင် ယုံကြည်သူတိုင်း မိမိတို့ရဲ့ အသက်တာကို ပြန်လည် ဆန်းစစ်ကြပါစို့လား။


မကြီး ချစ်တဲ့ ... ညီမလေး **မာရီ**

* SARS = Severe Acute Respiratory Syndrome
( အဆုတ်ရောင်ရောဂါ ) နည်း‌ဖို‌း‌ပါ‌း။

နှိုးဆော်လိုသည်မှာ ... ရှင်မသဲ ၂၄း၄၄ ဆိုကြောင့် သင်တို့သည် မြင်ဆင်လျက် နေကြလော့၊ အကြောင်းမူကား သင်တို့ မထင်မမှတ်သော အချိန် နာရီ၌ လူသားသည် ကြွလာတော်မူ၏။

**ဆုရှင့်စိမ်း** (ခေတ္တ စင်ကာပူ )

# အိပ်မက်အခန်းလေး



အခန်းလေးတစ်ခန်းမှာ အားအင်ချိနဲ့နေတဲ့ ကိုယ့်အဖြစ်ကို အိပ်မက်ထဲမှာ တွေ့ခဲ့ရပါတယ်၊ အဲဒီအခန်းလေး ထဲမှာတော့ ထွေထွေထူးထူး ဘာမှမရှိပါဘူး။ ဖိုင်တွဲလေးတွေနဲ့ ဖုံးလွှမ်းနေတဲ့ နံရံတစ်ခုပဲရှိတယ်၊ ကြမ်းပြင်က မျက်နှာကျက်အထိ အဆုံးမဲ့စွာ ချိတ်ဆွဲထားတဲ့ ဖိုင်တွဲတွေဟာလည်း အက္ခရာစဉ် အလိုက် စနစ်ကျစွာနဲ့ ကွဲပြားတဲ့ ခေါင်းစဉ် များနဲ့ရှိနေပါတယ်၊
ဖိုင်တွဲတွေ ချိတ်ဆွဲထားတဲ့ နံရံဆီကို တဖြည်းဖြည်း နီးကပ်စွာ လျှောက်လာခဲ့တဲ့ အချိန်မှာ ကျွန်တော့်ရဲ့ အာရုံများကို ဖမ်းစားလိုက်တဲ့ ဖိုင်တွဲခေါင်းစဉ်တစ်ခုကတော့ "ကျွန်တော် ကြိုက်ခဲ့သော မိန်းကလေးများ" ပဲဖြစ်ပါတယ်။ ဖိုင်တွဲကို လှန်လှောကြည့်လိုက်ပြီး ချက်ချင်း ပြန်ပိတ်လိုက်ပါတယ်၊ ဖိုင်တွဲတွေထဲမှာ ရေးထားတဲ့ နာမည်တွေအားလုံးဟာ ကျွန်တော်နဲ့ ကျွမ်းဝင်ပတ်သက်ခဲ့သော မိန်းကလေးများ ဖြစ်ကြောင်း တုန်လှုပ်ချောက်ချားစွာ သိရှိခဲ့ရပါတယ်။ ဘာမှမပြောပဲနဲ့ ကျွန်တော် ဘယ်အရပ်မှာ ရောက်နေပြီလည်းဆိုတာကို သဘောပေါက်ခဲ့ပါတယ်။ ဒီအသက်မဲ့ အခန်းလေးထဲမှာရှိတဲ့ ဖိုင်တွဲလေးတွေ အားလုံးဟာ ကျွန်တော်ရဲ့ ပြုမူလှုပ်ရှားမှု အကြီး အသေးမှန်သမျှကို အသေးစိတ် ရေးသားထားတာ တွေ့ရပါတယ်၊

ကျွန်တော့်ရဲ့ ရှုးစမ်းသိရှိချင်တဲ့ စိတ်ကြောင့် ဖိုင်တွဲများကို ကြုံရာကျဖမ်းဖွင့်ပြီး ဖတ်ရှုကြည့်တဲ့အခါ တစ်ချို့ဟာ ကျွန်တော့်ရဲ့ ပျော်ရွှင်ဖွယ်ရာ အတိတ် အကြောင်းလေးတွေဖြစ်ပြီး တစ်ချို့ကတော့ အရှက်ကွဲစရာ၊ နောင်တရစရာ အကြောင်းလေးတွေ ဖြစ်ကြောင်းတွေ့ခဲ့ရပါတယ်။ ပြီးတော့ "ကျွန်တော် သစ္စာဖောက်ခဲ့သော သူငယ်ချင်းများ"၊ "ကျွန်တော် ဖတ်ရှုခဲ့သော စာအုပ်များ"၊ "ကျွန်တော် ပြောဆိုမိခဲ့သော လိမ်လည်မှုများ"၊ "ကျွန်တော် ပေးခဲ့သော နှစ်သိမ့်မှုများ"၊ "ကျွန်တော် ရယ်မောခဲ့သော ဟာသများ" စတဲ့ ခေါင်းစဉ်ကလေးများနဲ့ ကျွန်တော်နဲ့ ပတ်သက်တဲ့ ဖိုင်တွဲမျိုးစုံရှိပါတယ်၊ ကျွန်တော် မအံ့သြဘဲ မနေနိုင်လောက်အောင် တစ်ချို့အကြောင်းအရာတွေဟာ တိကျစွာ ရေးထားတာကို တွေ့လိုက်ရတယ်၊ ဥပမာအားဖြင့် ကျွန်တော့်ညီလေးကို ဆဲဆိုခဲ့တဲ့စကားတွေ၊ ကျွန်တော် စိတ်ဆိုးပြီး ပြုလုပ်ခဲ့တဲ့အရာတွေ၊ ကျွန်တော့် မိဘတွေ အပေါ် မကြားတကြား ပြောခဲ့တဲ့အရာတွေ စသည်ဖြင့်ရေးထားပါတယ်။

ကျွန်တော့် ဘဝအသက်ရှင် နေထိုင်ပြောဆိုပြုမှုခဲ့တဲ့ အရာတွေကို မှတ်တမ်းတင်ထားတဲ့ကတ်များ ထောင်သောင်းမကရှိလို့ ဖြစ်နိုင်ပါ့မလားလို့ ထင်ခဲ့ပေမဲ့ ဖိုင်တွဲတွေအားလုံးမှာ ကျွန်တော့်နာမည်၊ ကျွန်တော့်လက်မှတ်တွေ ရေးထိုးထားတယ်။ ဒါတွေအားလုံးဟာ ကိုယ်ပိုင်ရေးတဲ့ ကိုယ့်သမိုင်း မှတ်တမ်း ဖြစ်တာကို ဝန်ခံခဲ့ရတယ်။ နောက်ပြီး ဖိုင်တွဲ စာရွက်စာတမ်းတွေဟာ သိုသိုသိပ်သိပ်နဲ့ စည်းထုပ်ထားတာတောင်မှ နှစ်ကိုက်သုံးကိုက် အကွာလောက်အထိ မြောက်များစွာ ရှိနေတာကို တွေ့ရပါတယ်။

## နှလုံးသားအသစ်

သခင်ရဲ့ အနိုင်းမဲ့ မေတ္တာကို ခံစားသိရှိဖို့
ကျွန်ုပ်ရဲ့ နိုင်မာတဲ့ နှလုံးသားကို ပြုပြင်ပေးပါ သခင်
သခင်ရဲ့ အနှိုင်းမဲ့ ချစ်ခြင်းကို ဝေမျှဖို့
ကျွန်ုပ်ရဲ့ အေးစက်တဲ့ နှလုံးသားကို ချစ်ခြင်းမီးလျှံနဲ့ တွန်းတောက်စေပါ သခင်
သခင်ရဲ့ အနှိုင်းမဲ့ သနားခြင်း ကရုဏာကို ပြသနိုင်ဖို့
ကျွန်ုပ်ရဲ့ ရက်စက်တတ်တဲ့ နှလုံးသားကို ပြုပြင်ပေးပါ သခင်
သခင်ရဲ့ ကောင်းမြတ်ခြင်းကို သက်သေခံနိုင်ဖို့အတွက်
ကျွန်ုပ်ရဲ့ ဥပေက္ခာ ပြုတတ်တဲ့ နှလုံးသားကို
ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းများနဲ့ ပြည့်ဝစေပါ သခင်
သခင့်ကို အကြွင်းမဲ့ ပြန်လည် ချစ်နိုင်ဖို့
ကျွန်ုပ်ရဲ့ နှလုံးသားမှာ နေရာ အပြည့် ယူပေးပါ သခင်

**ကောင်းကင်**

## ငါးဆယ့်ခုနစ်ပြား



အိုမင်း၊ ယိုယွင်းပြီး ခနော်ခနဲ့ ဆောက်ထားတဲ့ ဘုရားကျောင်းအို သေး သေးလေးရဲ့ ရှေ့မှာ ကလေးမလေး တစ်ယောက်ဟာ ရှိုက်ငိုရင်း ရပ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားကျောင်းလေးထဲမှာ ထိုင်စရာ နေရာ မရှိလောက် အောင် လူတွေပြည့်ကျပ်နေလို့ဘဲ ဖြစ်ပါတယ်။ ကလေးမလေး က "ငါ ဆန်းဒေး စကူးလ် တက်လို့မရတော့ဘူး" လို့ နှုတ်က ငိုသံ စွက်ပြီး တစ်ယောက် ထဲပြော ရင်း ဘုရားကျောင်း ရှေ့ကနေ ချာကနဲ လှည့်ထွက်သွားပါတော့တယ်။ အဲဒီ အဖြစ် အပျက်ကို တွေ့လိုက်ရတဲ့ သင်းအုပ်ဆရာဟာ စုတ်ပြတ်နုံချာနေတဲ့ ကလေး မလေးကို ခေါ်လာပြီး ဘုရားကျောင်းထဲမှာ နေရာ တစ်နေရာရအောင် စီစဉ်ပေး လိုက်ပါတယ်။

ပင့်ကူမျှင်တွေ ဖုန်မှုန့်တွေ အောက်သိုးသိုး အနံ့အသက်တွေနဲ့ အတိပြီး တဲ့ ဘုရားကျောင်းထဲမှာတော့ ကလေးငယ်လေးတွေဟာ တစ်ယောက်နဲ့ တစ်ယောက် အသားချင်း ထိကပ်တဲ့အထိ ကျပ်သပ်ပွတ်သိပ် နေတဲ့အတွက် ချွေး တစ်လုံးလုံးနဲ့ ပူလောင် အိုက်စပ်နေပေမဲ့ မွေသီချင်းကို သီဆိုပြီးတော့ ဘုရားရှင် ကို ဝတ်ပြုကိုးကွယ် နေကြပါတယ်။ အဲဒီနေ့ ညအိပ်ယာဝင်ချိန်မှာတော့ ကလေးမလေး ဟာ ဘုရားရှင်ကို ဝတ်ပြုကိုးကွယ်ဖို့ နေရာမရှိတဲ့ ကလေးငယ်တွေ အကြောင်း တွေးတောနေခဲ့ပါတယ်။

နောက် ၂နှစ်လောက် ကြာတဲ့အချိန်မှာ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ အဆောက်အဦးပျက်တစ်ခုထဲမှာ ကလေးမလေးဟာ သေဆုံးသွားပါတယ်။ ကလေးမလေးရဲ့ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ဖို့အတွက် အလှူငွေ နဲနဲနဲ့ ငှားလို့ ရပြီး သဘောကောင်းတဲ့ ကလေးမလေးရဲ့ မိတ်ဆွေ သင်းအုပ်ဆရာ (ကလေးမ လေးကို ဘုရားကျောင်းထဲမှာ နေရာစီစဉ်ပေးသော သင်းအုပ်) ကို ကလေး မလေးရဲ့ မိဘတွေက အကူအညီတောင်းပြီး ကလေးမလေးရဲ့ အသုဘ အခမ်း အနားကို ကျင်းပဖို့ အပ်နှံလိုက်ပါတယ်။ ကလေးမလေးရဲ့ အလောင်းကို သန့်စင်ဖို့ ပြင်ဆင်ချိန်မှာ ကလေးမလေးရဲ့ လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ ပိုက်ဆံအိတ်တစ်လုံးကို တွေ့လိုက်ရပါတယ်။ အဲဒီ ပိုက်ဆံအိတ်ဟာ သူများတွေ မလိုချင်လို့ အမှိုက်ပုံးထဲ လွှင့်ပစ်ထားတာကို ကလေးမလေးက ကောက်ယူပြီး အမြတ်တနိုး သုံးစွဲနေတဲ့ အိတ်စုတ်လေး ဖြစ်ပါ တယ်။ အိတ်ထဲမှာ ငွေ အကြေစေ့ ၅၇ပြားနဲ့ စာရွက်လေးတစ်ရွက်ကို တွေ့ရပါ တယ်။ စာရွက်ပေါ်မှာ " ဒီ အကြေ ၅၇ပြားဟာ လူအများကြီးဆန့်တဲ့ ဘုရား ကျောင်း အသစ်ဆောက်လုပ်နိုင်ဖို့ လှူဒါန်းတဲ့ငွေဖြစ်ပါတယ်" လို့ ပဲတီးပင်ပေါက်လို တွန့်လိမ်နေတဲ့ ကလေးလက်ရေးနဲ့ ရေးထားတဲ့ ကလေးမလေး ရေးထားတဲ့ စာ ဖြစ်ပါတယ်။

နောက် ၂နှစ် ကြာတဲ့အခါမှာ ကလေးမလေး ရေးထားတဲ့စာနဲ့ ငွေ ၅၇ ပြားကိုကြည့်ပြီး သင်းအုပ်ဆရာဟာ မျက်ရည်ဖြိုင်ဖြိုင် စီးကျလာပါတယ်။ သူ ဘာ ဆက်လုပ်ရမလဲဆိုတာကိုလဲ သင်းအုပ်ဆရာ သဘောပေါက်သွားပါတယ်။ တနင်္ဂနွေနေ့မှာတော့ ကလေးမလေးရဲ့ ငွေနဲ့စာကို တရားပလ္လင်ပေါ်ကို ယူသွားပါ တယ်။ ကလေးမလေးရဲ့ အသက်တာ၊ လှူဒါန်းခြင်းနဲ့ ချုပ်ရိုးကို သူ့ရဲ့ အသင်းသား တွေကို ပြောပြခဲ့ပါတယ်။ ကလေးမလေး ကြခဲ့တဲ့ ငွေနဲ့ သူ့အသင်းသားတွေကို ဘုရားကျောင်းကြီးကြီး ဆောက်ဖို့စိန်ခေါ်လိုက်ပါတယ်။ ဇာတ်လမ်းက ဒီနေရာမှာ ပြီးမသွားပါဘူး။ တရားနာ ပရိတ်သတ်ထဲမှာ ထိုင်နေတဲ့ သတင်းစာဆရာတစ် ယောက်က အဲဒီအကြောင်းကို သူ့သတင်းစာထဲမှာ ရေးသား ဖော်ပြလိုက်ပါ တယ်။ အဲဒီသတင်းကို လယ်ယာမြေဧက ထောင်ပေါင်းများစွာပိုင်တဲ့ သူဌေးကြီး တစ်ယောက်က ဖတ်မိသွားလို့ စေတနာစိတ်ပေါ်လာပြီး ဘုရားကျောင်း အသစ် ဆောက်နိုင်ဖို့ မြေတစ်ကွက် လာလှူပါတယ်။

အသင်းသားတွေကလဲ ရက်ရက်ရောရောလှူကြပါတယ်။ ငွေချက် လက်မှတ်တွေလဲ ရပ်ဝေးရပ်နီးကနေ သင်းအုပ်ဆရာဆီကို ရောက်လာကြပါတယ်။ ၅ နှစ်အတွင်းမှာ ကလေးမလေး စပြီး မျိုးစေ့ ချခဲ့တဲ့ငွေ ၅၇ပြားဟာ ဒေါ်လာ ၂၅၀ ၀၀၀ အဆင့်ထိ တိုးပွားသွားပါတယ်။

ကလေးမလေးရဲ့ စေတနာနဲ့ ငွေဟာ တည်ကိန်း အဖြစ်နဲ့ ငွေဂဏန်း ပေါင်း အမြောက်အများကို တိုးပွားစေခဲ့ပါတယ်။ အမေရိကန်နိုင်ငံ ရဲ့ ဖီလာဒဲလ်ဖီးယားမြို့ ကို သင်ရောက်သွားခဲ့ရင် ပရိတ်သတ်ထိုင်ခုံ ၃၃၀၀ ဆန့်တဲ့ **Temple Baptist Church** နဲ့ **Temple University** ရယ်၊ **Good Samaritan Hospital** က ဆန်းဒေးစကူးလ် ဘုရားကျောင်း ဆောင်ကြီးတွေဆီကို သွားကြည့်လိုက်စမ်းပါ။ ကလေးငယ်ပေါင်း ရာပေါင်းများစွာ လွတ်လွတ်လပ်လပ် ဘုရားဝတ်ပြုနိုင်မဲ့ ဆန်းဒေးစကူးလ် အဆောင်ကြီးကို ခန့်ခန့်ငြားငြားကြီး တွေ့ရပါလိမ့်မယ်။

အဲဒီ ဘုရားကျောင်းဆောင်ကြီးတွေရဲ့ အခန်းတစ်ခန်းထဲမှာ မြင့်မြင့်မားမား ရယ်မောနေတဲ့ ၅၇ပြား အလှူရှင် ကလေးမလေးရဲ့ ပုံတူ ပန်းချီကားကြီးကို တွေ့ရ မှာ ဖြစ်ပါတယ်။

**သားတော်မောင်အလီမွှာ**

( ယုဒသန် နှစ်ခြင်းအသင်းတော် – စင်ကာပူ၊ ဆောက်လုပ်ရေးကို ဦးတည်၍ ဦးနောနေ့ နှင့် ဆရာယုဒသန်နေ့ အမှတ်တရ အဖြစ် WAR CRY october 2002 မှ FIFTY-SEVEN CENTS အား ကောက်နှုတ်ရေးသား ပါသည်။ )



③

သင်အကာ: ၄-၂၃

ဒီလို ဖိုင်တွဲတွေကို လျှောက်ကြည့်ပြီးနောက် 'ရမ္မက် အတွေးများ' ဆိုတဲ့ ဖိုင်တွဲနားကို ရောက်သွားတဲ့အခါ ကျွန်တော့်ရဲ့ တစ်ကိုယ်လုံး ကြက်သီး ဖြန်းကနဲ ထသွားပါတယ်။ ရေးထားတဲ့အကြောင်းအရာတွေကို ဖွင့်ဖတ်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော့် ခန္ဓာကိုယ်ဟာ တဆတ်ဆတ်နဲ့ တုန်လှုပ်ချောက်ခြားခဲ့ရတယ်။ အဲဒီအချိန်မှာ အတွေးတစ်ခု ဝင်လာခဲ့တယ်၊ ဒီဖိုင်တွဲတွေကို ဘယ်သူမှ မမြင်သေးဘူး။ ငါ ဖျောက်ဖျက်ပစ်လိုက်မယ်လို့ ကြိုးစားပေမဲ့လည်း အဲဒီ ဖိုင်ဟာ သံမဏိလို ခိုင်မာလွန်းလို့ ဆုတ်ဖြဲလို့မရ၊ မီးရှို့လို့မရ၊ ထုထောင်းခြေမွလို့လည်း မရပါ။

နောက်ဆုံး ဘာမှမတတ်နိုင်တော့တဲ့အတွက် သူ့နေရာမှာဘဲ ပြန်ထားလိုက်ရတယ်။ နံရံကို ခေါင်းမှီပြီး စိတ်ပျက်စွာ သက်ပြင်းတစ်ချက် ရှိုက်လိုက်တယ်။ အဲဒီနောက်မှာ တောက်ပ လင်းလက်တဲ့ ဖိုင်တစ်ခုကို တွေ့လိုက်ရတယ်။ အဲဒီဖိုင်တွဲရဲ့ ခေါင်းစဉ်ကတော့ 'ကျွန်တော် ဧဝံဂေလိ ဝေမျှခဲ့သောလူများ' တဲ့။ ကျွန်တော် ဆွဲထုတ်ကြည့်လိုက်တော့ ဖိုင်တွဲက ခပ်ပါးပါးလေးပဲရှိတယ်၊ လက်တစ်ဆုပ်စာဘဲရှိတယ်။ ကျွန်တော် ဆိုးသွမ်းကြောင်း ရေးထားတဲ့ ဖိုင်တွေကတော့ မရေတွက်နိုင်လောက်အောင်ဘဲ များပြားလွန်းတယ်။

အဲဒီအချိန်မှာ ကျွန်တော် ဘယ်လိုမှမနေနိုင်တော့ဘဲ ဝမ်းနည်းခြင်းကြီးစွာနဲ့ ငိုကြွေးမိခဲ့တယ်။ အရှက်ကွဲစွာ ကျွန်တော် ငိုခဲ့ရတယ်။ ဒီအခန်းကလေးကို ဘယ်သူမှ မသိသေးဘူး။ သော့ခတ်ပြီးတော့ သော့ကို ဖျောက်ဖျက်ပစ်လိုက်ဖို့ ကျွန်တော် ငိုနေရင်းနဲ့ ကြံစည်ခဲ့သေးတယ်။ ကျွန်တော့်ရဲ့ မျက်ရည်တွေကို သုတ်လိုက်တဲ့အခါမှာ အခန်းထဲမှာ သူ့ကိုတွေ့လိုက်ရတယ်။ ဒီကိုမလာပါနဲ့လို့ စိတ်ထဲက ရေရွတ်မိပေမဲ့ မရပါဘူး။ သူဟာ အခြားသူ မဟုတ်ဘူး၊ ယေရှုခရစ်တော်ဘုရားဘဲ။ သူ ကျွန်တော့်ရဲ့ဖိုင်တွဲတွေကို ဖွင့်ပြီးဖတ် နေတာကို ဘာမှမတတ်နိုင်စွာနဲ့ ဒီအတိုင်းကြည့်နေရတယ်၊ သူ့ရဲ့ တုန့်ပြန်မဲ့အရာတွေကို ကျွန်တော် မခံစားနိုင်ဘူးလို့ စိတ်ထဲမှာ ပြောနေခဲ့တယ်၊ တကယ်တမ်းကျတော့ ကျွန်တော် သူ့ရဲ့မျက်နှာကို ကြည့်လိုက်တဲ့အခါ သူ့မျက်ဝန်းမှာ ဝမ်းနည်းမှုနဲ့ သနားကရုဏာသက်မှုကိုတွေ့လိုက်ရတယ်။ သူ့ရဲ့ဝမ်းနည်းမှုဟာ ကျွန်တော့်ရဲ့ ဝမ်းနည်းမှုထက်တောင် ပိုပြီးတော့ နက်ရှိုင်းပါသေးတယ်၊

နောက်တော့ သူ ကျွန်တော့်ရဲ့ အဆိုးရွားဆုံးသော မှတ်တမ်း ဖိုင်တွဲတွေဆီကို သွားနေတာကို အလိုလိုသိနေတယ်။ ဘာဖြစ်လို့ သူ အကုန်လုံး လိုက်ဖတ်နေရသလဲလို့ စိတ်ထဲမှာမေးနေမိတယ်၊ နောက်ဆုံးမှာတော့ သူ ကျွန်တော့်ကို လှည့်ပြီးကြည့်တယ်၊ ကျွန်တော့်ကိုစိတ်မဆိုးဘဲ သနားကြင်နာတဲ့ အကြည့်နဲ့ ကြည့်နေတယ်။ ကျွန်တော် ခေါင်းငုံ့ပြီး မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ပြီးတော့ ငိုရှိုက်လိုက်ပြန်တယ်၊ သူက ကျွန်တော့်ဆီကို လျှောက်လာပြီးတော့ ကျွန်တော့် ပုခုံးလေးကိုဖက်ပြီး ဘာမှမပြောဘဲနဲ့ ကျွန်တော်နဲ့အတူ လိုက်ငိုခဲ့တယ်။ ပြီးတော့ ဖိုင်တွဲတွေဆီကို ပြန်သွားပြီး ဖိုင်တွဲတစ်ခုစီပေါ်မှာ ကျွန်တော့်နာမည်နဲ့ လက်မှတ်တွေအစား သူ့နာမည်နဲ့ လက်မှတ်ကိုရေးထိုးခဲ့တယ်။ သူ မလုပ်ခဲ့တဲ့ အရာတွေအတွက် လက်မှတ်မထိုးပါနဲ့လို့ အော်ပြီးပြောလည်း မရဘူး။ ကျွန်တော် သူ့ဆီက ဖိုင်တွဲကို ဆွဲယူကြည့်လိုက်တော့ သူ့နာမည်နဲ့ လက်မှတ်ကို သူ့အသွေးတော်နဲ့ ရေးထိုးထားတာ တွေ့လိုက်ရတယ်။

ဖိုင်တွဲတွေအားလုံးကို သူလက်မှတ်ထိုးပြီးတဲ့နောက်မှာ ကျွန်တော့်ဆီကို သူလျှောက်လာပြီး ကျွန်တော့်ပခုံးလေးကို ကိုင်ပြီးတော့ 'အမှုပြီးပြီ' ဆိုတဲ့ စကားလေး တစ်ခွန်းကို ပြောခဲ့ပါတယ်။

(အသက် ၁၇ နှစ်အရွယ် **Brian Moore** ရေးသားခဲ့သော 'ဆယ်ကျော်သက်ဘဝ ၏ဖြစ်အပျက်များကို မှတ်တမ်းတင်ထားသော အခန်း၌ ယေရှုခရစ်နှင့် တွေ့ဆုံခြင်း' ဆိုတဲ့ သူ့ရဲ့ အိမ်မက်အခန်းလေးအကြောင်းကို ညီအကို မောင်နှမများ ဆင်ခြင် သုံးသပ်နိုင်ဖို့ ခံစားဘာသာပြန်ခြင်း ဖြစ်ပါတယ်။ သူ့ရဲ့ အိမ်မက်လေးဟာ ကျွန်တော်တို့ရဲ့ဘဝကို ပြန်လည်ဆင်ခြင်သုံးသပ်ဖို့ သတိပေးနေပါတယ်။ ကျွန်တော်တို့ နိစ္စဓူဝ တွေးတောလုပ်ကိုင်ကြံစည်သမျှတွေ အားလုံးဟာ မှတ်တမ်းတင်လျက်ရှိကြောင်း၊ အသက်တာကို ပြုပြင်ပြောင်းလဲဖို့လိုကြောင်း သင်ခန်းစာပေးသလို၊ ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာဟာ ကျွန်တော်တို့အပေါ်မှာ အမြဲတည်ရှိနေကြောင်း ခံစားသိရှိရပါတယ်။ ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာကို ကျေးဇူးသင်သော အားဖြင့် အသက်တာကို ပြောင်းလဲ၍ အသက်ရှင်ကြပါစို့။)

ငါတို့ကို စစ်ကြောစီရင်သောသူဖြစ်၍ မထင်ရှားသောအရာ အမှောင်၌ဝှက်ထားသောအရာများကို ထင်ရှားစေ၍ စိတ်နှလုံး အကြံအစည်များကို ပေါ်ထွန်းစေတော်မူမည်။ ခမ်းနားသော အရာတို့သည် ဘုရားသခင်ရှေ့မှာ ထင်ရှားလျက်ရှိကြ၏။ ဟေဗြဲ ၄း၁၃

ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူတစ်ပါးတို့သည် ဖျက်စီးခြင်းသို့ မရောက်။ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ယော ၃း၁၆

လူစည်းသည်တကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏။ ဟောင်းသော အရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။ ၂ကော ၅း၁၇

( ညအလင်းအိမ် )

# မျက်ရည်မှန်းသူမှာတမ်း

အို – အရှင်ရယ် ...
ချစ်တတ်အောင် ပုံသွင်းခံခဲ့ရတဲ့ ဒီရင်ဘတ်ကြီးထဲ
ဘာ့ကြောင့်များ မုန်းစရာ ကောင်းတဲ့သူ ဝင်လာရသလဲ၊
သမိုင်းဦးကို ပြန်ကြည့်စမ်းပါ၊
မြေကြီးထဲက 'အာဗေလ' ရဲ့ အသွေးတွေလေ၊
အရှင်ကြားခဲ့တယ် မဟုတ်လား။
မုန်းရမဲ့သူဟာ 'ကာဣန' မဟုတ်တာ အရှင် သိပြီးသားပါ။
လောကကြီးမှာ "ဒါပေမဲ့" ဝေါဟာရ မရှိခဲ့ရင်
အကောင်းသားနေဝ် အရှင်။
ကျွန်ုပ် ဒါးသွားက သွေးစက်ဟာ
ချစ်သူအတွက် ဂုဏ်ယူစရာ အောင်ပွဲဝင်
မျှားရည်ချို တစ်စက်ပေါ့ အရှင်
ရန်သူရဲ့ သက်ထားအတွက်တော့ ကြိတ်နယ်ခံရတဲ့
နှလုံးသည်းပွတ်ရဲ့ အပူရောင် ရင်တွင်းဖြစ်တစ်စင်းပေါ့။
အရှင် ခြယ်သခဲ့တဲ့ ဘယ်ပန်းချီ ရေးမှို
မိုးကုတ်စက်ဝိုင်း အောက်မှာ
မည်းညစ်တဲ့ မီးခိုးလုံးတွေက ထောင်းလမောင်း ထလို့
အကျည်းတန် ရသမှာ အနည်ထိုင်နေမှတော့
ငြိမ်းချမ်းခြင်းရဲ့ အလှ ဘယ်လို ခံစားလို့ရမှာလည်း
သိပ်မကြာပါဘူး၊
ယမ်းငွေ့လူးနေတဲ့ ကျွန်ုပ် **bayonet** ( လှံစွပ် ) အသွားမှာ
အနီရောင်တွေက အယူခံ မျက်လုံးများနဲ့
ညှင်းသဲ့သဲ့ ညည်းဆိုသွားခဲ့ ...
"ဟန်နီရေ ... ဒယ်ဒီရေ ... မြန်မြန် ပြန်လာနိုင်ပါစေ"တဲ့ အရှင်ရယ်၊
မေးထန်းတဲ့ ကျွန်ုပ်လက်ကို ကိုယ်တိုင် ပြန်ရှုမိနေရဲ၊
လက်ညှိုး တစ်ချက်ကွေးတိုင်း ကျွန်ုပ် မုန်းတဲ့အရာတွေ
နှလုံးသားထဲက အတားအဆီးမဲ့ လှိမ့်ဆင်းလာတယ်၊
ဒီအရာတွေ ဧဒင်ဥယျာဉ်ကြီးထဲမှာ အရှင် မျိုး မချခဲ့ပါဘူး။
စပျစ်ပင်မှာ သဖန်း သီးရိုး ထုံးစံမှ မရှိတာ၊
မျိုးစေ့တွေ မှားကြဲခဲ့ကြပြီ အရှင်။
အဖြူနဲ့ အမည်း ဘယ်လောက်ဘဲ ကွဲလွဲ
စိုက်သည့်အတိုင်း ရိတ်ရစမြဲ။
အလို ... ပြောရင်းဆိုရင်း
ကျွန်ုပ် ရင်ခွင်မှာ အနီရောင်တွေနဲ့ နွေးထွေးသွားပါလား။
နေးကွေးလာတဲ့ နှလုံးစည်းချက်ကို
မေပယ်ပင် အောက်က ချစ်သူ ကြားနိုင်ပါဦးမလား အရှင်၊
သူ မကြားရင်လည်း နေပါစေ၊
ကျွန်ုပ် အမုန်းဆုံးနဲ့ အကြောက်ဆုံး အရာကို
သူမ ပါးပြင်ပေါ် ခိုနားခွင့် မပြုဖို့
မှာခဲ့ပေးပါ အရှင်ရယ်။ ။

**ဝင်းမြင့်ဦး** ( ၂၅-၃-၂၀၀၃ )